

# ကိုချမ်း

အသက်တစ်ချောင်း

ဆေးကျောင်းသား တစ်ယောက်ရဲ့ ဘဝမှာ ဒီမေးခွန်းဟာ အနေးနဲ့ အမြန်ဆိုသလို ပေါ်လာတတ်စမြဲပဲ - လူနာတစ်ယောက်ရဲ့ ခန္ဓာကိုယ်ဟာ ထိခိုက်ဒဏ်ရာကို ဘယ်လောက် အတိုင်းအတာအထိ မသေဘဲ တင်းခံနိုင်သလဲ။ ဆရာအမျိုးမျိုးဆီက အဖြေအမျိုးမျိုး ကြားရနိုင်တယ်။ ဒါပေမဲ့ နောက်ဆုံးမှာ တော့ အဖြေမှန်ဟာ နောက်ထပ် မေးခွန်းတစ်ခု ဖြစ်သွားတာပါပဲ - အဲဒီလူနာ အသက်ရှင်ချင်စိတ် ဘယ်လောက် ပြင်းပြသလဲ။

***

ဇန်နဝါရီ ၂၆

ကျူပ် မုန်တိုင်းမိပြီး သောင်တင်နေတာ နှစ်ရက်တောင် ရှိသွားပေ့ါ။ ဒီမနက်ပဲ ကျွန်းကို ခြေရာတိုင်းခဲ့တယ်။ ‘ကျွန်း’ တဲ့ ဗျာ။ အကျယ်ဆုံးနေရာမှာ ခြေလှမ်း ၁၉၀၊ ဟိုဘက်ထိပ် ဒီဘက်ထိပ် အလျားက ခြေလှမ်း ၂၆၇ လှမ်း။

ခုချိန်ထိ ပြောနိုင်တာက ဒီကျွန်းပေါ်မှာ စားစရာဆိုလို့ ဘာမှ မရှိ။

ကျုပ်နာမည် ရစ်ချတ်ပိုင်း။ ဒါကျုပ်ရဲ့ ဒိုင်ယာရီ။ တကယ်လို့ များ ကျုပ်ကို ရှာတွေ့ခဲ့ရင် (ဘယ်တော့လဲတော့ မသိ) ဒီဒိုင်ယာရီကို အလွယ် တကူပဲ ဖျက်ဆီးပစ်လိုက်လို့ ရတယ်။ မီးခြစ်ဆံတွေမှ အများကြီး။ မီးခြစ်ဆံတွေနဲ့ ဘိန်းဖြူတွေ။ တစ်ပုံကြီးမှ တစ်ပုံကြီး။ ဒီနေရာမှာ တော့ အဲဒီ နှစ်မျိုးစလုံး နှစ်ပြားမှ တောင်မတန်။ ဟ - ဟ။ အဲဒီတော့ ကျုပ်ရေး မယ်။ ဘာပဲဖြစ်ဖြစ် အချိန်ကုန်သွားတာပေါ့။

ကျုပ် အမှန်အတိုင်း မခြွင်းမချန် ပြောရမလား။ ဘာလို့ မပြောရမလဲ ။ ကျုပ်မှာ အချိန်တွေ ရှိသမှ သိပ်ရှိ။ စပြီး ပြောရရင်တော့ ကျုပ်ကို န ယူးယောက်မြို့ အီတလီရပ်ကွက်ထဲမှာ မွေးတယ်။ ငယ်နာမည် ရစ်ချက် ပင်ဇက်တီ။ ကျုပ်အဖေက ဥရောပတိုက်ဖွား အီတာလျံကြီးတစ်ယောက် ။ ကျုပ်ငယ်ငယ်က ခွဲစိတ်ဆရာဝန် ဖြစ်ချင်ခဲ့တယ်။ အဖေက လှောင် ရယ်ပြီး ကျုပ်ကို အရူးလို့ ပြောတယ်။ ပြီးရင် ဝိုင်နောက်တစ်ခွက် သွား ထည့်စမ်းလို့ ခိုင်းတတ်တယ်။ သူ အသက် လေးဆယ့်ခြောက်နှစ်မှာ က င်ဆာနဲ့ သေတယ်။ ကျုပ်ဖြင့် ဝမ်းသာလိုက်တာ။

အထက်တန်း ကျောင်းတုန်းက ကျုပ် ဘောလုံးကစားခဲ့တယ်။ ကျုပ် တို့ ကျောင်းက မွေးထုတ်ခဲ့သမျှ ဘောလုံးသမားတွေထဲမှာ ကျုပ် အတော်ဆုံးပဲ။ တိုက်စစ်မှူးပေါ့။ နောက်ဆုံး နှစ်နှစ်မှာ ဆို ကျုပ် မြို့ လက်ရွေးစင် အဆင့်ထိ ရောက်သွားတယ်။ ကျုပ် ဘောလုံးကစားနည်း ကို မုန်းတယ်။ ဒါပေမဲ့ ဆင်းရဲသားရပ်ကွက်တွေထဲက အီတလီလူမျိုး င မွဲတစ်ကောင် အတွက်တော့ အားကစားဟာ ကောလိပ်တက်ဖို့ တစ်ခုတ ည်းသော လက်မှတ်ပဲ။ ဒါနဲ့ ပဲ ကျုပ်ကစားခဲ့တယ် ဆိုပါတော့။ အဲဒီမှာ ကျုပ် အားကစား ပညာသင်ဆု ရတယ်။

ကောလိပ်မှာ တက္ကသိုလ်ပညာသင်ဆု အပြည့်ရအောင် အမှတ်တွေ

ကောင်းတဲ့ အထိပဲ ကျုပ် ဘောလုံးကစားခဲ့တာ။ ဆေးတက္ကသိုလ်ပေ့ါ။ ကောလိပ်က ဘွဲ့မရခင် ခြောက်ပတ်အလိုမှာ ကျုပ်အဖေ ဆုံးတယ်။ ကောင်းလေစွ။ ကျုပ် စင်မြင့်ပေါ် ဖြတ်လျှောက်ပြီး ဒီပလိုမာဘွဲ့ယူတဲ့ အချိန် အဲဒီ အီတာလျံပြိတ္တာကြီး အောက်ကထိုင်နေမှာ လှမ်းမြင်ချင်လိမ့်မယ်လို့ ခင်ဗျား ထင်သလား။ ကျုပ် တက္ကသိုလ်ကျောင်းသား ကလပ်အသင်း တစ်ခုမှာ လည်း အသင်းဝင်လိုက်သေးတယ်။ သိပ်စွံတဲ့ ကလပ်တော့ မဟုတ်ပါဘူး။ ပင်ဇက်တီဆိုတဲ့ နာမည်မျိုးနဲ့ တော့ အကောင်းဘယ်ရပ့ါမလဲ။ ဒါပေမဲ့ ကျောင်းသားကလပ် မှန်သမျှ အတူတူနဲ့ အနူနူချည်းပါပဲ။

ကျုပ်ဘာလို့ ဒါကို ရေးနေပါလိမ့်။ ရယ်စရာတော့ ကောင်းသလိုပဲ။ မဟုတ်ဘူး ။ ပြန်ပြင်ပြောရမယ်။ ရယ်စရာ ကောင်းကို ကောင်းတယ်။ ဆရာကြီး ဒေါက်တာပိုင်းတစ်ယောက် ညဝတ်ဘောင်းဘီနဲ့ တီရှပ်ကို ဝတ်ပြီး ကျောက်ဆောင်ပေါ်မှာ ထိုင်လို့ ။ ဟိုဘက်ဒီဘက် တံတွေး လှမ်းထွေးလို့ တောင်ရမယ့် ကျွန်းလေးပေါ်မှာ ထိုင်လို့ ။ သူ့ရဲ့ ဘဝဇာတ်ကြောင်းကို ရေးနေတော့တာကလား။ ဗိုက်ထဲက ဆာလိုက်တာဗျာ။ ဂရုမစိုက်နဲ့ ။ ကျုပ်ဘဝဇာတ်ကြောင်း ကျုပ်ရေးချင် ရေးမပေ့ါ။ အနည်းဆုံးတော့ ကျုပ်စိတ်ကို အစာအိမ်ဆီကနေ အာရုံလွှဲထားလို့ ရတယ်လေ။ ထင်ရတာပဲ။

ဆေးကျောင်း စမတက်ခင်မှာ ကျုပ်နာမည်ကို 'ပိုင်း' လို့ ပြောင်းလိုက်တယ်။ ကျုပ်အမေက သူ့အသည်းကို ခွဲရက်ချည်ရဲ့ လို့ ဆိုသဗျ။ ဘယ်က အသည်းတုန်း။ ကျုပ်အဖေအလောင်း မြေကျပြီးလို့ နောက်တစ်ရက်မှာ ပဲ လမ်းထိပ်က ဂျူးလူမျိုး ကုန်စုံဆိုင်ရှင်ကို အမိဖမ်းဖို့ ကြိုးစားခဲ့တာ သူပဲ မဟုတ်လား။ အဲဒီနာမည်ကို သိပ်ချစ်လှပါချည်ရဲ့ ဆိုတဲ့ သူတစ်ယောက်က ဒီနာမည်ကနေ 'စတိုင်းဘရန်နာ' လို့ ပြောင်းဖို့ သေလောက်အောင် အလျင်လိုနေခဲ့တာ မဟုတ်လား။

ခွဲစိတ်ပညာကိုပဲ ကျုပ်တစ်လျှောက်လုံး လိုချင်ခဲ့တာ။ အထက်တန်းကျောင်းသား ဘဝကတည်းက ဆိုပါတော့။ အဲဒီအချိန်ကတည်းက ပွဲမကစားမီတိုင်း ကျုပ်လက်တွေကို သေသေချာချာ ပတ်တီးပတ်၊ ပွဲပြီးတဲ့ အခါ ရေနဲ့ ကျကျနန စိမ်ဆေးခဲ့တာလေ။ ခွဲစိတ်ဆရာဝန်တစ်ယောက် ဖြစ်ချင်ရင် လက်တွေကို သေချာဂရုစိုက်ရမှာ ပဲဗျ။ ချာတိတ်တချို့ဆို အဲဒါနဲ့ ပတ်သက်ပြီး ကျုပ်ကို လှောင်ကြသေးတယ်။ ကြောက်ချေးတုန်းလို့ ဝိုင်းခေါ်တယ်။ ကျုပ် သူတို့ နဲ့ ဘယ်တော့မှ ရန်မဖြစ်ခဲ့ပါဘူး။ ဘောလုံး ကစားရတာတောင် အတော် အန္တရာယ်များ လှပြီ။ ဒါပေမဲ့ နည်းလမ်းတွေတော့ ရှိတာပါပဲ။ ကျုပ်ကို ဒုက္ခအပေးဆုံးကတော့ ဟောင်ဝီပလော့စကီး ဆိုတဲ့ ငတိ။ မျက်နှာမှာ ဝက်ခြံတွေ ဗရပွနဲ့ ကြီးပေါ ရှုရှားကောင်ကြီး။ အဲဒီတုန်းက ကျုပ် သတင်းစာလိုက်ပို့ရင်း လောင်းကစား ချဲထီ အရောင်းအဝယ်ပါ တွဲလုပ်ခဲ့တယ်။ ဝင်ငွေအပေါက်အလမ်း အတော် ကောင်းခဲ့တာကလား။ လူတွေနဲ့ မိတ်ဆွေဖွဲ့၊ သူတို့ ပြောတာ နားထောင်၊ အဆက်အသွယ်တွေ ရလာခဲ့တာပေါ့။ လမ်းပေါ်မှာ ကျက်စားတဲ့ အခါ အဲဒီလို လုပ်ကို လုပ်ရတာပဲလေ။ ဘယ်လို ငနဲမျိုးအတွက်မဆို သေဖို့ က အလွယ်လေး။ ဘယ်လို ရှင်သန်ရမလဲ ဆိုတာသာ သင်ယူဖို့ လိုတာ။ ကျုပ်ပြောချင်တာ သိလား။ ဒါနဲ့ ပဲ ရစ်ကီဘရာဇီလို့ ခေါ်တဲ့ ကျောင်းမှာ အကောင်အကြီးဆုံး ချာတိတ်ကို ကျုပ် ပိုက်ဆံပေးလိုက်တယ်။ ဟောင်ဝီပလော့စကီးရဲ့ ပါးစပ်ပေါက် ပျောက်သွားဖို့ ဆယ်ဒေါ်လာ။ ကျုပ်ပြောလိုက်တယ်။ အဲဒီ ပါးစပ်ပေါက် ပျောက်ထွက်သွားအောင် လုပ်ပစ်လိုက်။ မင်း ငါ့ဆီ ယူလာမယ့် သွားတစ်ချောင်းစီ အတွက် တစ်ဒေါ်လာစီ ထပ်ပေးမယ်။ ရစ်ကီ သွားသုံးချောင်းကို တစ်ရှူးစက္ကူနဲ့ ထုပ်ပြီး ကျုပ်ဆီ ယူလာပေးတယ်။ အဲဒီအလုပ်အတွက် သူ့လက်ဆစ်နှစ်ဆစ် အဆစ်လွဲသွားတယ်။ ကဲ တွေ့ပြီလား။ ကျုပ် ဘယ်လိုမျိုး ဒု

ကုခပေးနိုင်သလဲဆိုတာ။

ဆေးကျောင်းမှာ တခြားငတုံးတွေ စုတ်ပြတ်သတ်ပြီး - လှောင်တာ တော့ မဟုတ်ပါဘူး။ ဟာဟ - စားပွဲထိုးလိုထိုး၊ နက်တိုင်ရောင်းလို ရောင်း၊ ကြမ်းတိုက်လိုတိုက်နဲ့ အသည်းအသန် ရှန်းကန် နေကြရတဲ့ အချိန်မှာ ကျုပ်ကတော့ ခုနပြောတဲ့ လောင်းကစားမှုတွေကိုပဲ ဆက် ထိန်းထားခဲ့တယ်။ ဘောလုံးပွဲ လောင်းမလား၊ ဘတ်စကက်ဘောပွဲ လောင်းမလား။ အာမခံ ပေါ်လစီတော့ နည်းနည်းပါးပါး ထားရတာပေါ့ ။ လူဟောင်းတွေနဲ့ သင့်အောင်ပေါင်း။ ရှိပြီးသား ပတ်ဝန်းကျင်နဲ့ တည့် အောင်နေ။ ကျုပ် ဆေးကျောင်းကို သာသာလေးနဲ့ ပြီးခဲ့တာပါပဲ။

ခွဲစိတ်ပညာ အလုပ်သင်ဆရာဝန် မဖြစ်ခင်ထိ ကျုပ် မူးယစ်ဆေး လောကထဲကို ခြေမချ မိခဲ့ဘူး။ ကျုပ် အလုပ် လုပ်နေခဲ့တာက နယူး ယောက်မြို့တော်ရဲ့ အကြီးဆုံး ဆေးရုံကြီးတစ်ရုံမှာ ။ အစပိုင်းတော့ ဆ ရာဝန် ဆေးညွှန်း စာရွက်လွတ်တွေ လောက်ပါပဲ။ ရပ်ကွက်ထဲက ငနဲ တစ်ကောင်ကို ဆေးညွှန်းစာရွက်လွတ် အရွက်တစ်ရာစီ အစည်းလိုက် ရောင်းတာလောက်ပဲ။ ငနဲက ပြီးရင် ဆရာဝန်ပေါင်း လေးငါးဆယ် လောက်ရဲ့ နာမည်တွေကို အဲဒီ စာရွက်လွတ်တွေ ပေါ်မှာ အတုလုပ် တော့တာပဲ။ ကျုပ်သူ့ကို သပ်သပ် ထပ်ရောင်းတဲ့ ဆေးစာနမူနာတွေကို သုံးပြီးတော့ပေါ့။ ရပ်ကွက်ထဲပတ်ပြီး တစ်ရွက်ကို ဒေါ်လာတစ်ဆယ်မျိုး နှစ်ဆယ်မျိုးနဲ့ လမ်းကြိုလမ်းကြား လှည့်ရောင်းတော့တာ။ စိတ်ကြွဆေး ဘဲတွေနဲ့ ဘိန်းစားတွေဆို ကြိုက်သမှ သိပ်ကြိုက်။

အတော်လေး ကြာပြီးမှ ဆေးရုံက ဆေးဂိုဒေါင်ခန်း ဘယ်လောက်ထိ အောင် ဗရုတ်သုတ်ခ ပရမ်းပတာ ဖြစ်နေသလဲဆိုတာ ကျုပ်သိလာတယ် ။ ဘာတွေဝင်ပြီး ဘာတွေ ထွက်နေသလဲဆိုတာ ဘယ်သူမှ မသိကြဘူး။

တချို့လူတွေဆို ကောင်းပေ့ဆိုတာတွေချည်း တနင့်တပိုး သယ်ထုတ်နေကြတာ။ ကျုပ်တော့ မပါပါဘူး။ ကျုပ်က အမြဲသတိရှိခဲ့တာပဲ။ ဘယ်တော့မှ ဒုက္ခ မရောက်ခဲ့ဘူး။ နောက်ဆုံး သတိလက်လွတ်ဖြစ်ပြီး ကံဆိုးမိုးမှောင်ကျတဲ့ အချိန်အထိပဲ ဆိုပါတော့။ ဒါပေမဲ့ ကျုပ် ကြောင်ကျပဲ ကျမှာ ပါ။ အမြဲတမ်း ဖြစ်နေကျအတိုင်းပေ့ါ။

အခုတော့ ဆက်မရေးနိုင်တော့ဘူး။ လက်ကောက်ဝတ်တွေ ညောင်းပြီး ခဲတံလည်း တုံးပြီ။ ဘာပဲဖြစ်ဖြစ် ကျုပ် ဘာလို့ ခုလို ဒုက္ခခံပြီး ရေးနေရတာလဲ မသိပါဘူး။ ခဏနေရင်ပဲ ကျုပ်ကို တစ်ယောက်ယောက်က လာကယ်တော့မယ့် ဥစ္စာ။

***

ဇန်နဝါရီ ၂၇

မနေ့ညကပဲ အသက်ကယ်လှေ ရေစီးနဲ့ မျောသွားပြီး ကျွန်းရဲ့ မြောက်ဘက်ကမ်းကနေ ဆယ်ပေလောက်အကွာမှာ မြုပ်သွားတယ်။ ကျုပ် သောက်ဂရုမစိုက်ပါဘူး။ လှေရဲ့ အောက်ခြေဝမ်းဗိုက်ပိုင်းက ကျောက်ဆောင်တွေနဲ့ ငြိမိပြီး ဒတ်လပိုင်လိုက် စုတ်ပြတ်နေပြီပဲ။ လှေထဲက သယ်ထုတ်စရာ ရှိတာမှန်သမျှ ကျုပ် သယ်ထုတ်ပြီးသားပဲလေ။ သောက်ရေ ငါးဂါလန်၊ အပ်ချုပ်ကိရိယာတစ်စုံ၊ ရှေးဦးသူနာပြုအိတ်တစ်လုံး၊ အခု ကျုပ်ထိုင်ရေးနေတဲ့ အသက်ကယ်လှေ ပစ္စည်းစာရင်း

မှတ်တမ်း စာအုပ်တစ်အုပ်။ ရယ်ရတယ်။ စားစရာတစ်ခုမှ မပါတဲ့ အသက်ကယ်လှေမျိုး ကြားဖူးကြရဲ့ လား။ ဒီမှာ နောက်ဆုံး စာရင်းမှတ်ထားတာက ၁၉၇၀ ဩဂုတ် ၈ ရက်။ အင်း။ ဓားကနှစ်ချောင်း၊ တစ်ချောင်းက အတုံး၊ နောက်တစ်ချောင်းကတော့ နည်းနည်း ထက်တယ်။ ပြီးတော့ ဇွန်းခက်ရင်း တစ်စုံ။ ဒီည ညစာစားရင် သုံးဖို့ လေ။ ကျောက်ခဲ မီးကင် ပေါ့။ ဟား - ဟား။ အင်း ကျုပ် ခဲတံတော့ ချွန်ထားလိုက်တယ်။

ဒီ ငှက်ချေးစော်တွေ နံနေတဲ့ ကျွန်းစုတ်ကျွန်းပဲ့ပေါ်ကနေ လွတ်များလွတ်လို့ ကတော့၊ 'နိဗ္ဗာန်ဘုံ' သင်္ဘောလိုင်းကို ငရဲပြည်ရောက်သွားအောင် ကျုပ် တရားစွဲပစ်လိုက်မယ်။ ဒီ တစ်ခုထဲနဲ့ တင် အသက်ဆက်ရှင်ဖို့ လုံလောက်တယ်။ ကျုပ် နေရဦးမှာ ။ ဒီအဖြစ်ဆိုးကနေ လွတ်ဦးမှာ ။ မယုံမရှိနဲ့ ။ ကျုပ် ဒီအဖြစ်ဆိုးကနေ လွတ်ဦးမှာ ။

***

ကျုပ် ပစ္စည်းတွေ စာရင်းလုပ်တုန်းက မေ့ကျန်သွားတာ တစ်ခုရှိတယ်။ ဘိန်းဖြူစစ်စစ် နှစ်ကီလို။ နယူးယောက် လမ်းကြိုလမ်းကြား ပေါက်စျေး ဒေါ်လာ သုံးသိန်းခွဲဖိုး။ ဒီမှာ တော့ နောက်ချေး တစ်ပြားတောင် မတန်။ ရယ်စရာ မကောင်းဘူးလား။ ဟား - ဟား။

***

ဇန်နဝါရီ ၂၈

အင်း … ကျူပ် အခုပဲ စားလို့ ပြီးတယ်။ ခင်ဗျားတို့ အဲဒါကို အစားလို့ သတ်မှတ်ရင်ပေါ့။ ဒီနေ့ ကျွန်းရဲ့ အလယ်တည့်တည့် ကျောက်တုံးတွေ ပေါ်မှာ စင်ရော်တစ်ကောင် လာနားတယ်လေ။ အဲဒီမှာ ကျောက်တုံးတွေ တစ်တုံးနဲ့ တစ်တုံးထပ်ပြီး ကျောက်တောင် အသေးစားလေးလို ဖြစ်နေ တာ။ ငှက်ချေးတွေလည်း ဗရပွဖုံးလို့ ။ ကျူပ် လက်ထဲ ဆံ့သလောက် အ နေတော်အရွယ် ကျောက်တုံးတစ်ပိုင်း ကောက်ပြီး စင်ရော်နဲ့ နီးနိုင်သမျှ အနီးဆုံးနေရာအထိ တွယ်တက်သွား လိုက်တယ်။ ဒီကောင် သူ့ကျောက် တုံးပေါ်မှာ ထိုင်ပြီး အနက်ရောင် တောက်တောက် မျက်လုံးတွေနဲ့ ကျူပ် ကို ပြန်ကြည့်နေသဗျ။ ကျူပ်ဗိုက်ထဲက တဂွီဂွီအသံတွေကြားပြီး လန့်မ ပြေးတာပဲ အံ့ဩပါရဲ့ ။

ကျူပ်လည်း ကျောက်တုံးနဲ့ အားရှိသလောက် ကြုံးပြီး ပစ်ပေါက် လိုက်တာ ငတိရဲ့ နံကြားကို တည့်တည့် မှန်ပါလေရော။ ဒီကောင် အကျ ယ်ကြီး အော်ပြီး ပျံပြေးမလို့ လုပ်သေးတယ်။ ဒါပေမဲ့ ညာဘက် အတော င်ပံက ကျူပ်လက်ချက်နဲ့ သွင်သွင်ကျိုးသွားပြီ။ ကျူပ် သူ့နောက် ကျောက် တောင်ပေါ် ကုတ်ကတ်တက်ပြီးအလိုက် ဒီကောင် ခုန်ဆွခုန်ဆွနဲ့ ထွက်ပြေးတော့တာပဲ။ အဖြူရောင် ငှက်မွေးတွေကြားက သွေးတွေ တစ က်စက် စီးကျနေတာ ကျူပ်တွေ့လိုက်တယ်။ ခွေးမသားလုပ်ပုံက ကျူပ်နဲ့ လိုက်တမ်းပြေးတမ်း ကစားနေသလိုမျိုး။ တစ်ခါက်တော့ ကျွန်းလယ် ကျောက်တောင်ရဲ့ ဟိုဘက်ခြမ်း ကျောက်တုံး နှစ်တုံးကြားက တွင်းတစ် တွင်းထဲ ကျူပ် ခြေထောက် ညပ်သွားလိုက်တာ ခြေမျက်စိကျိုးဖို့ နည်း နည်းပဲ လိုတယ်။

ဒီကောင် နောက်ဆုံးတော့ မောလာတာနဲ့ ကျွန်းအရှေ့ဘက်ခြမ်းမှာ ကျုပ်သူ့ကို ဖမ်းမိ ပါလေရော။ ဒီငှက်က ရေထဲခုန်ဆင်းပြီး ကူးပြေးမလို့ လုပ်သေးတာ။ သူ့အမြီးကို ကျုပ် ဖမ်းလည်း ဆွဲရော လှည့်ပြီး နှုတ်သီးနဲ့ ပေါက်တော့တာပဲ။ ကျုပ်လည်း လက်တစ်ဖက်နဲ့ သူ့ခြေထောက်တွေကို ချုပ် ကျန်တဲ့ လက်တစ်ဖက်နဲ့ သကောင့်သားရဲ့ လည်မျိုကို ကိုင်ပြီး လိမ် ချိုးပစ်လိုက်တယ်။ ဂွတ်ခနဲ မြည်သွားတဲ့ အသံက ကျုပ်အတွက် သိပ်ကို ကျေနပ်စရာပဲ။ နေ့လယ်စာ အဆင်သင့်ပေါ့။ ဟုတ်လား။ ဟား - ဟား။

ငှက်သေကောင်ကို ကျုပ်ရဲ့ 'စခန်း' ဆီ ပြန်သယ်လာခဲ့တယ်။ ဒါပေမဲ့ အမွေးနုတ်၊ အူထုတ်တာတွေ မလုပ်ခင် သူ့နှုတ်သီးနဲ့ ပေါက်လို့ ပြဲသွားတဲ့ အနာကို အိုင်အိုဒင်းဆေး အရင် ထည့်ရတယ်။ ငှက်ဆိုတာ ပိုးပေါင်းစုံ သယ်တဲ့ သတ္တဝါမျိုး မဟုတ်လား။ ခုချိန်မှာ ကျုပ်အတွက် မလိုအပ်ဆုံးက ခန္ဓာကိုယ်ထဲ ရောဂါပိုး တစ်မျိုးမျိုး ဝင်မှာ ကိုပဲ။

စင်ရော်အတွက် ခွဲစိတ်မှုက ချောချောမောမောပဲ ပြီးသွားတယ်။ ဒါပေမဲ့ ချက်ပြီး စားဖို့ က မဖြစ်နိုင်။ ကျွန်းပေါ်မှာ ဘာအပင်မှ မရှိ။ ရေမျောကမ်းတင် သစ်သားလည်း တစ်စမှ မရှိ။ လေ့ကလည်း မြုပ်သွား ။ ဒါကြောင့် ကျုပ် အစိမ်းပဲ စားလိုက်တော့တယ်။ အစာအိမ်က ချက်ချင်းပဲ ပြန်အန်ထုတ်ချင်သေးတာ။ အစာအိမ်ကို သနားပေမဲ့ ကျုပ် အန်ထုတ်ခွင့် မပေးခဲ့ဘူး။ အန်ချင်စိတ် ပျောက်သွားတဲ့ အထိ တစ်နှစ် သုံးလေး ကိန်းဂဏန်းတွေကို နောက်ပြန်ရေပစ်လိုက်တယ်။ ဒီနည်းက အမြဲ အလုပ်ဖြစ်နေကျလေ။

ခင်ဗျားပဲ တွေးကြည့်စမ်းဗျာ။ ဒီငှက်စုတ် ကျုပ်ကို ခြေမျက်စိ မကျိုးရုံတမယ်လုပ်ပြီး နှုတ်သီးနဲ့ ပေါက်သွားသေးတာ။ မနက်ဖြန် နောက်တစ်ကောင်များ ဖမ်းမိလို့ ကတော့ ကျုပ် နှိပ်စက်ပစ်ဦးမယ်။ ဒီတစ်

ကောင်ကို လွယ်လွယ်နဲ့ အသက်ထွက်ခွင့် ပေးလိုက်မိတယ်။ ကျုပ် အခု ရေးနေတုန်းတင် သဲသောင်ပေါ်က သူ့ခေါင်းပြတ်ကို လှမ်းမြင်နေရတယ်။ ဒီ အနက်ရောင် မျက်လုံးတွေက အသက်မရှိတော့တဲ့ နောက်မှာတောင် ကျုပ်ကို လှောင်ပြောင် နေသေးသလိုပဲ။ စင်ရော်တွေ ခေါင်းထဲမှာ ဦးနှောက်ရှိသလား။ ရှိခဲ့ရင် စားလို့ ရောရမယ် ထင်သလား။

***

ဇန်နဝါရီ ၂၉

ဒီနေ့တော့ ဝါးတီးမရှိ။ ကျောက်တောင်ထိပ်နားမှာ စင်ရော်တစ်ကောင် လာနားသေးပေမဲ့ ကျုပ် အနားမကပ်နိုင်ခင်မှာ ပဲ ပျံပြေးသွားတယ်။ ‘လက်ပစ်ဘော ရှေ့တန်းရောက်အောင် မပစ်နိုင်လိုက်ခင်’ ပေ့ါ။ ဟား - ဟား။ ကျုပ် မှတ်ဆိတ်စထားနေပြီ။ ယားလိုက်တာ မပြောပါနဲ့တော့။ ဒီ စင်ရော် ပြန် လာပြီး ဖမ်းမိလို့ ကတော့ မသတ်ခင် မျက်လုံးနှစ်လုံးကို အရှင်လတ်လတ် ဖောက်ထုတ် ပစ်လိုက်ဦးမယ်။

ကျုပ် ပြောခဲ့ပြီးပြီ ထင်တာပဲ။ ကျုပ်က ဓာက်ရမ်းတော်တဲ့ ခွဲစိတ်ဆရာဝန်။ မောင်းတီးပြီး အထုတ်သာ ခံခဲ့ရတာ။ တကယ်တော့ ဟာသပါပဲ ။ အားလုံး လုပ်ကြတာချည်းပဲ။ တစ်ယောက်ယောက် လူမိသွားမှ သာ အားလုံး သူတော်ကောင်းယောင် ဆောင်ချင်ကြတာ။ --- ပဲ ဆရာသမားတို့ ရေ၊ မလိုဘူး။ ကျုပ်မှာ ရှိပြီးသား။ သမားတော်နှင့် ကြောင်သူတော်

ကြီးများ ကျိန်ဆိုရန် ကျမ်းသစ္စာသစ်လေ။

ကျုပ်ဆီမှာ အလုပ်သင် ဆရာဝန်ဘဝ၊ ခွဲစိတ်ဆရာဝန် ဘွဲ့လွန်ကျောင်းသားဘဝတွေ တုန်းက စွန့်စားခန်းတွေခင်းပြီး စုထား ဆောင်းထားတာလေးတွေ အတော် ရှိခဲ့တာကလား။ နယူးယောက် မြို့လယ်က ပဲ့ခ်လမ်းကျယ်မှာ ဆေးခန်းဖွင့်ဖို့ ပေါ့။ ကျုပ်အတွက် လုပ်သင့်တဲ့ အလုပ်ပဲလေ။ ကျုပ်ရဲ့ တခြား 'လုပ်ဖော်ကိုင်ဖက်' အများ စုလို ဒက်ဒီ သူဌေး၊ စပွန်ဆာ သူဌေးတွေ ရှိခဲ့တာမှ မဟုတ်ပဲကိုး။ ကျုပ် ရွှေအိုးထမ်းခွင့် ရတဲ့အချိန်မှာ ကျုပ်အဖေကဖြင့် သူ့ဆင်းရဲသား အုတ်ဂူထဲမှာ အရိုးဆွေးနေတာ ကိုးနှစ်တောင်ရှိပေါ့။ ကျုပ်အမေ ဆုံးတာကတော့ ကျုပ် ဆေးကုခွင့်လိုင်စင် အသိမ်းမခံရခင် တစ်နှစ်အလိုမှာ ။

ဖြစ်ပုံက ဒီလို။ မြို့အရှေ့ပိုင်းက ဆေးဝါးကျွမ်းကျင် အယောက် ဒါဇင်ဝက်လောက်၊ ဆေးဂိုဒေါင် နှစ်လုံး၊ အခြားဆရာဝန် အယောက်နှစ်ဆယ်လောက်နဲ့ ကျုပ် အပေးအယူတွေ လုပ်ခဲ့တာ။ လူနာတွေ ကျုပ်ဆီကို ပို့။ ကျုပ်က လူနာတွေ ပြန်ပို့။ ခွဲစိတ်မှုတွေ လုပ်။ ပြီးတော့ ခွဲစိတ်မှုအပြီး ပေးသင့်တဲ့ ဆေးတွေ ရေးပေး။ ခွဲစိတ်မှုတွေ အကုန်လုံးတော့ တကယ်ခွဲဖို့ လိုတာ မဟုတ်ဘူး ပေါ့။ ဒါပေမဲ့ ကျုပ် ဘယ်တော့မှ လူနာရဲ့ဆန္ဒနဲ့ ဆန့်ကျင်ပြီး တစ်ခုမှ မခွဲခဲ့ဘူး။ ပြီးတော့ ဘယ်လူနာကမှ လည်း ဆေးစာရွက်ပေါ်မှာ ရေးထားတာကို ငုံ့ကြည့်ပြီး 'ဒါ ကျုပ် မလိုချင်ဘူး' လို့ မပြောခဲ့ဖူးဘူး။ နားထောင်ပါဦး။ ၁၉၆၅ ခုနှစ်မှာ သားအိမ်ထုတ်တယ် ဒါမှ မဟုတ် ၁၉၇၀ မှာ လည်ပင်းကျိတ် တစ်ဝက်ထုတ်ပစ်ရတယ် ဆိုပါတော့။ ခင်ဗျားသာ သူတို့ ကို ခွင့်ပြုမယ်ဆိုရင် နောက် ငါးနှစ် ဆယ်နှစ်ကြာတဲ့ အထိ ဒီလူတွေ အကိုက်အခဲပျောက်ဆေး အနာပျောက်ဆေးတွေ ဆက်သောက်နေဦးမှာ အမှန်ပဲ။ တစ်ခါတလေတော့ ကျုပ် အဲဒီလို လုပ်ခဲ့တယ်။ ကျုပ် တစ်ယောက်တည်းတော့ မဟုတ်ပါဘူး။ ခင်ဗျား သိ

တဲ့ အတိုင်းပဲလေ။ သူတို့ ကလည်း ဒါမျိုးလိုအပ်တာ မဟုတ်လား။ တစ်ခါတလေတော့ အသေးစား ခွဲစိတ်မှုပြီးတဲ့ နောက်ပိုင်း လူနာကောင်းကောင်း အိပ်လို့ မရတာ။ ဒါမှ မဟုတ် ကိုယ်အလေးချိန်ချဆေးတွေ လွယ်လွယ်နဲ့ ဝယ်မရတာ။ ဒါမှ မဟုတ် ဒိုင်ယာဇီပန်လို စိတ်ငြိမ်ဆေး။ ဒါတွေအားလုံး စီစဉ်လို့ ရတာချည်းပဲ။ ဟား။ ဟုတ်ပ။ သူတို့ ကျုပ်ဆီကမရရင် တခြားလူဆီက သွားယူကြမှာ ပဲလေ။

ဒီလိုနဲ့ ပဲ အကောက်ခွန် ငတိတွေ လိုဝန်သယ်ဆီ ရောက်သွားကြတယ်။ ငနွားကြီး။ သူ့မျက်ခွက်ရှေ့မှာ ငါးနှစ် ဖြုပြလိုက်တာနဲ့ နာမည်ပေါင်း ဒါဇင်ဝက်လောက် အန်ထုတ်တော့တာပဲ။ ကျုပ်နာမည် အပါအဝင်ပေါ့။ သူတို့ ကျုပ်ကို ခဏလောက် စောင့်ကြည့်သေးတယ်။ သူတို့ ဝင်လည်း ဖမ်းရော ကျုပ်က ငါးနှစ်ထက်မက အများကြီး တန်နေပြီ။ တခြားခွင်တွေကလည်း ရှိနေခဲ့တာကိုး။ ကျုပ် လက်မလွှတ်သေးတဲ့ ဆေးညွှန်း စာရွက်အလွတ်တွေ ရောင်းတာမျိုး အပါအဝင်ပေါ့။ ရယ်စရာတော့ အကောင်းသား။ ကျုပ် အဲဒီဟာမျိုး တကယ်ကို မလိုတော့တာ။ ဒါပေမဲ့ အကျင့်က အကျင့်ပဲလေ။ အချိုဆိုတာမျိုးက ကြိုက်မိရင် လျှော့ဖို့ အခက်သားကလား။

အင်း ကျုပ်မှာ အဆက်အသွယ် တချို့တော့ ရှိပါရဲ့ ။ ဟိုကြိုးဆွဲ ဒီကြိုးဆွဲပေ့ါ။ လူနှစ်ယောက်ကိုလည်း အမဲလုပ်ပြီး ပစ်ကျွေးခဲ့ရသေး။ ကျုပ်နဲ့ တည့်တဲ့ လူတွေတော့ မဟုတ်ပါဘူး။ အစိုးရကို ကျုပ်ထိုးကျွေးခဲ့တဲ့ ငနဲတိုင်း လူလွန်မသားတွေချည်း။ ဘုရားသခင်။ ဆာလှပါပကော။

***

ဇန်နဝါရီ ၃၀

ဒီနေ့လည်း စင်ရော်မရပါ။ ငယ်ငယ်တုန်းက ရပ်ကွက်ထဲ လှည့်ရောင်းတဲ့ လက်တွန်းလှည်းတွေမှာ တစ်ခါတစ်ခါ တွေ့ရတတ်တဲ့ ဆိုင်းဘုတ်တွေ သွားသတိရမိတယ်။ 'ယနေ့ ခရမ်းချဉ်သီး မရပါ' ဆိုတာမျိုး။ အသွားထက်တဲ့ ဓားကို လက်ကကိုင်ပြီး ရေထဲ ခါးထိရောက်အောင် ဆင်းသွားမိတယ်။ ခေါင်းပေါ် နေခြစ်ခြစ်တောက် ထိုးနေတဲ့ ကြားက လေးနာရီလောက်ကြာအောင် တစ်နေရာထဲမှာ မလှုပ်မယှက် ရပ်နေခဲ့တာ။ မူးလဲချင်သလို နှစ်ခါလောက် ဖြစ်လိုက်သေး။ ဒါပေမဲ့ အမူးပြေသွားတဲ့ အထိ တစ်ရာကနေ တစ် နောက်ပြန် ရေလိုက်တယ်။ ငါး တစ်ကောင်ဆို တစ်ကောင်မှ ကို မတွေ့ခဲ့ဘူး။

***

ဇန်နဝါရီ ၃၁

စင်ရော် နောက်တစ်ကောင် သတ်လိုက်တယ်။ ပထမအကောင်တုန်းက လုပ်နည်းအတိုင်းပဲ။ ဗိုက်ထဲက သိပ်ဆာလွန်းနေတာနဲ့ ကျုပ်ကိုယ်ကျုပ် ကတိပေးထားသလိုတောင် မညှဉ်းဆဲ ဖြစ်လိုက်ဘူး။ အူထုတ်ပြီး စားပစ်လိုက်တယ်။ အူအခွေလိုက်ကိုလည်း ချေးညှစ်ထုတ်ပြီး ထပ်စားတယ်။ ကျုပ် အသက်ခွန်အားတွေ တရိပ်ရိပ် ပြန်ထိုးတက်လာတာများ

ကြောက်ဖို့ တောင် ကောင်းသေးဗျာ။ ကျွန်းလယ် ကျောက်တုံးပုံကြီးရဲ့ အရိပ်ထဲမှာ လှဲရင်း ကျုပ်နားထဲမှာ အသံတွေ ကြားယောင်မိသလိုလို။ ကျုပ်အဖေ။ ကျုပ်အမေ။ ကျုပ် အရင်မိန်းမ။ အဆိုးဆုံးကတော့ ကျုပ်ကို ဆိုင်ဂုံမှာ ဘိန်းဖြူရောင်းသွားတဲ့ တရုတ်ကြီးရဲ့ အသံ။ သူ့ရဲ့ မပီကလာ အသံကြီး။ အာခေါင်အကွဲကနေ ထွက်တဲ့ အသံမျိုး ထင်ရဲ့ ။

'လုပ်ပါး' သူ့အသံကြီး ဘယ်ကမှန်းမသိ ထွက်လာတယ်။ 'လုပ်ပါး။ နီးနီး စူကြည့်လေ။ နီ ဘိုက်သာနေတာ မိသွားမယ်။ သိကောင်းလယ်' ဒါပေမဲ့ ကျုပ် ဘယ်တုန်းကမှ ဘိန်းမချဖူးခဲ့ဘူး။ အိပ်ဆေးတောင်မှ မသောက်ဖူးခဲ့တာ။

ခင်ဗျားကို ကျုပ်ပြောခဲ့လား။ လိုဝန်သယ် သူ့ကိုယ်သူ သတ်သေသွားတာ။ အဲဒီ နွားကြီး။ သူ့ရုံးခန်းထဲမှာ ပဲ ကြိုးဆွဲချ သေသွားတာ။ ကျုပ် အမြင်တော့ ကမ္ဘာကြီး ပိုငြိမ်းချမ်းသွားတာပဲ။

ကျုပ်ရွှေအိုးကို ကျုပ် ပြန်လိုချင်ခဲ့တယ်။ ဆေးကုခွင့်လိုင်စင်လေ။ လူတချို့နဲ့ စကားပြောကြည့်တော့ ဖြစ်နိုင်တယ် ဆိုပဲ။ ဒါပေမဲ့ ငွေတွေ အများကြီး ကုန်လိမ့်မယ်။ ကျုပ် အိပ်မက်မက်ဖူးသမျှထက် ပိုများ တဲ့ ချောဆီတွေ လိုလိမ့်မယ်။ ကျုပ် ဘဏ်မီးခံသေတ္တာထဲမှာ ရှိတာက ဒေါ်လာလေးသောင်း။ ကျုပ် ဆုံးဖြတ်လိုက်တယ်။ အဲဒါကို အရင်းလုပ်ပြီး ကံစမ်းဖို့ ။ နှစ်ဆ ဒါမှ မဟုတ် သုံးဆ ပွားဖို့ ပေါ့။

ဒါနဲ့ ပဲ ကျုပ် ရွှန်နီဟနယ်လီကို သွားတွေ့ခဲ့တယ်။ ရွှန်နီနဲ့ ကျုပ်က ကောလိပ်မှာ ဘောလုံးအတူ ကစားခဲ့တာ။ ပြီးတော့ သူ့ညီ သမားတော်ဖြစ်ချင်တယ် ဆိုတုန်းက လိုတဲ့ နေရာ ရအောင် ကျုပ် ကူညီပေးခဲ့ဖူး တယ်။ ရွှန်နီကိုယ်တိုင်ကတော့ ဥပဒေသင်တန်းကျောင်း တက်ခဲ့တာ။ ဘယ်လို ရယ်ရသလဲ သိလား။ ကျုပ်တို့ ငယ်ငယ်တုန်းက ရပ်ကွက်ထဲမှ

သူ့ကို အာဏာရှင် ရွှန်နီလို့ ခေါ်ကြတယ်။ အကြောင်းကတော့ တုတ်တံနဲ့ ကစားတဲ့ ဘောလုံးပွဲ မှန်သမျှကို ပွဲထုတ်။ ပြီးရင် သူပဲ ဟော်ကီ ဒိုင်လူကြီးလုပ်။ ခင်ဗျား သူ့ဆုံးဖြတ်ချက်ကို မကြိုက်ရင် ရွေးစရာရှိတာ က ပါးစပ်ပိတ်မလား ဒါမှ မဟုတ် လက်သီးစာကျွေးတာ ခံမလား။ ဒါပဲ။ ပေါ်တိုရီကန်တွေကတော့ သူ့ကို အီတလီကောင်ရွှန်နီလို့ ခေါ်ကြတယ်။ တိုတိုရှင်းရှင်းပဲ။ အီတလီကောင်ရွှန်နီ။ ဒီနာမည်က အမြဲ သူ့ဒေါသအိုး ကို ဆွပေးတတ်တယ်။ ဒီလို ပုဂ္ဂိုလ်က ကောလိပ်ကျောင်းတက်၊ ပြီး တော့ ဥပဒေကျောင်း။ ပြီးတာနဲ့ ရှေ့နေဖြစ် စာမေးပွဲကို ပထမအကြိမ် မှာ ပဲ သာသာလေးနဲ့ အောင်ပြီး ကျုပ်တို့ ကြီးပြင်းခဲ့တဲ့ ပတ်ဝန်းကျင် ဟောင်းထဲမှာ ပဲ ဆိုင်ဖွင့်ခဲ့တာ။ ပင်လယ်ငါး ဘိုးလင်း အရက်ဘား အပေါ်ထပ် တည့်တည့်မှာ ပေါ့။ ကျုပ် မျက်စိမှိတ်လိုက်တာနဲ့ ကွန်တီ နင်တယ် ဇိမ်ခံကား အဖြူရောင်ကြီးကို အငြိမ့်သားစီးရင်း ရပ်ကွက်ထဲ ပတ်နေတဲ့ ရွှန်နီကို မြင်ယောင်မိ ပါသေးတယ်။ မြို့ထဲမှာ အကြီးဆုံး ငွေ တိုးချေးစားတဲ့ သကောင့်သားပေါ့။

ရွှန်နီဆီမှာ ကျုပ်အတွက် တစ်ခုခုတော့ ရှိလိမ့်မယ်လို့ သိပြီးသား။ ‘ အန္တရာယ်များ တယ်’ လို့ သူက ဆိုတယ်။ ‘ဒါပေမဲ့ မင်းကတော့ ကိုယ့်ကို ယ်ကိုယ် အမြဲ ကာကွယ်တတ်တာပဲ။ ပစ္စည်းသာ ပြန်ယူလာခဲ့။ ငါမင်း ကို အထူးကု နှစ်ကောင်လောက်နဲ့ မိတ်ဆက်ပေးမယ်။ သူတို့ ထဲက တစ် ယောက်က ပြည်နယ်အမတ်’

အဲဒီမှာ ပဲ သူ ကျုပ်ကို နာမည် နှစ်ခုပေးတယ်။ တစ်ယောက်က တရု တ်ကြီး။ ဟင်နရီလီစူး။ နောက်တစ်ယောက်က ဗီယက်နမ်လူမျိုး။ နာမည်က ဆော်လွမ်ငို။ ဓာတ်ခွဲပညာရှင်။ သူက ဉာဏ်ပူဇော်ခယူပြီး တ ရုတ်ရဲ့ ကုန်ပစ္စည်းကို စစ်ဆေးပေးရမယ့်သူ။ ဒီတရုတ်က မကြာခဏ ‘ ဟာသ’ ဖောက်တတ်တယ်လို့ လူသိများ လေရဲ့ ။ သူ့ ‘ဟာသ’ တွေက ပ

လတ်စတစ်အိတ်ထဲကို ပေါင်ဒါမှုန့်၊ ဆပ်ပြာမှုန့်၊ ဂျုံမှုန့်တွေ ဖြည့်ထားတတ်တာမျိုး။ ဒီ လီစူး တစ်နေ့မဟုတ် တစ်နေ့ သူ့ဟာသနဲ့ သူ ပြန်အသတ်ခံရလိမ့်မယ်လို့ ရွှန်နီက ကျုပ်ကို ပြောခဲ့တယ်။

***